# ၂၀၁၉ ခုနှစ်၊ ဧပြီလ၊ လစဉ်အစီရင်ခံစာ

**လက်ရှိအခြေအနေအကျဉ်းချုပ်**

၂၀၁၉ ခုနှစ်၊ ဧပြီလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်း ခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၃၃၁ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသားစုစုပေါင်း ၄၈ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၉၀ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၉၃ ဦးသည် ထောင်ပြင်ပ မှနေ၍ တရားရင်ဆိုင်နေရသည်။




ဓာတ်ပုံ- Myanmar Now
၂၀၁၉ ခုနှစ်၊ ဧပြီလ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ   တွစ်တာစာမျက်နှာ   လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ** ........ 3

ဖမ်းဆီးခံရခြင်းများ ........ 3

ပျောက်ဆုံးသွားခြင်းများ ........ 4

တရားစွဲဆိုခံရခြင်းများ ........ 4

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........ 6

ထောင်တွင်းအခြေအနေများ ........ 7

ထောင်မှလွတ်မြောက်မှုများ ........ 8

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ** ........ 10

လယ်ယာမြေအငြင်းပွားမှုများ ........ 14

**အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ** ........ 17

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ........ 18

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

**ကျောက်တော်တွင် AA နှင့် ဆက်သွယ်ခဲ့သည့် သံဃာ နှစ်ပါးနှင့် AA အဖွဲ့ဝင် သုံးဦးကို ဖမ်းဆီးရမိကြောင်း တပ်မတော် ထုတ်ပြန်**

ဧပြီလ ၃ ရက်နေ့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ကန်ဇောက်ကျေးရွာ နှင့်အနီးပတ်ဝန်းကျင်တွင် နယ်မြေလုံခြုံရေးများ ဆောင်ရွက်လျက်ရှိ သော တပ်မတော် စစ်ကြောင်းသည် ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဝင် သုံးဦးနှင့် AA အဖွဲ့နှင့် ဆက်သွယ်ခဲ့သည့် သံဃာ နှစ်ပါးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ တပ်မတော်လုံခြုံရေးစစ်ကြောင်းသည် ကန်ဇောက် ကျေးရွာအနီး စစ်တွေ-ကျောက်တော်ကားလမ်း၌ ယာဉ်သွားလာမှုများအား စစ်ဆေးလျက်ရှိစဉ် ဧပြီလ ၁ ရက်နေ့ ည ကိုးနာရီ အချိန်ခန့်တွင် စစ်တွေမှ ကျောက်တော်သို့ မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ လက်ပြန်ကြိုးတုပ်ခြင်း ခံထားရသူ မသင်္ကာဖွယ်အမျိုးသား တစ်ဦးအား တွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးရာ AA အဖွဲ့ထံမှ ထွက်ပြေးလာသည့် ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တော ကျေးရွာနေ မြထွန်းဆိုသူဖြစ်ပြီး ယာဉ်အား မောင်းနှင်ပေးသော ပုဏ္ဏားကျွန်းမြို့၊ သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဦးသုဝန (လူအမည် ဦးသိန်းကျော်)ဖြစ်ကာ ယာဉ်ပေါ်မှ မြောက်ဦးမြို့၊ ဂန္ဓမာတောင်ကျောင်းတိုက်နေ ဦးဉာဏ (လူအမည် ဦးခိုင်လှထွန်း)နှင့် AA အဖွဲ့ဝင် ပုဏ္ဏားကျွန်းမြို့နေ ကိုသိန်းဟန်နှင့် AA အဖွဲ့သို့ဝင်ရန် လိုက်ပါလာသည့် ပုဏ္ဏားကျွန်းမြို့နေ ကိုကျော်ဆန်းတို့ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**တပ်မတော် စစ်ကြောင်းမှ ရွာသား ၂၇ ဦးကို ဖမ်းဆီးခေါ်ဆောင်၊ စစ်ဆေးနေစဉ် သုံးဦးသေဆုံး**

ဧပြီလ ၁၈ ရက်နေ့ ညနေပိုင်းတွင် တပ်မတော် စစ်ကြောင်းမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက္ကာ ကျေးရွာနှင့် တခြားကျေးရွာတို့မှ ရွာသား ၂၇ ဦးကို ကြိုးတုတ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ တပ်မတော် စစ်ကြောင်းမှ ရွာအတွင်းသို့ သေနတ်များဖြင့် ပစ်ဖောက်၍ ဝင်ရောက်လာခဲ့ပြီး ကြောက်လန့်၍ ဘုန်းတော်ကြီး ကျောင်းတွင် စုဝေးနေသော ရွာသားများအနက်မှ ၁၉ ဦးနှင့် တခြားကျေးရွာမှ လာရောက် အလုပ် လုပ်ကိုင်နေသူ ရှစ်ဦးတို့ကိုဖမ်းဆီး ခေါ်ဆောင်သွား ခဲ့ခြင်းဖြစ်သည်။ အရပ်လူကြီးတစ်ဦးမှ ဖမ်းဆီးခြင်းခံခဲ့ရသူ ၂၇ ဦးအနက် လေးဦးကို တိမ်ညိုသို့ ခေါ်ဆောင်သွားခဲ့ပြီး ကျန် ၂၃ ဦးကို မြောက်ဦးသို့ ခေါ်ဆောင်သွားသည်ကို သိရှိရသည်ဟု ပြောကြားခဲ့သည်။ ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဂင်များအဖြစ် သင်္ကာမကင်းဖြစ်သူများကို ဖမ်းဆီးထားကြောင်း တပ်မတော်မှ ထုတ်ပြန်ထားသော်လည်း ဒေသခံများနှင့် ကျေးရွာတာဂန်ရှိသူများမှ ဖမ်းဆီးခြင်းခံထားရသူများသည် AA အဖွဲ့ဝင်များမဟုတ်ဘဲ ကျေးရွာလုံခြုံရေးအတွက် ကင်းစောင့်သည့်အဖွဲ့များ ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဖမ်းဆီးခံထားရသူ ရွာသား ၂၇ ဦးအနက်မှ ဦးသိန်းထွန်းစိန်၊ ဦးမောင်သန်းနုနှင့် ကိုဇော်မျိုးထွန်း တို့သုံးဦးသည် စစ်ဆေးနေစဉ်ကာလအတွင်း သေဆုံးသွားခဲ့သည်။

ဧပြီလ ၂၆ ရက်နေ့တွင် ဖမ်းဆီးခြင်းခံထားရသူများ၏ မိသားစုဝင်များသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းတို့နှင့် ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် သီးသန့်တွေ့ဆုံခဲ့ကြသည်။ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းမှ ဖမ်းဆီးခြင်းခံထားရသူများကို မကြာခင်ရက်ပိုင်းအတွင်း ရဲတပ်ဖွဲ့ထံ လွှဲအပ်ပြီးနောက်တွင် မိသားစုနှင့် တွေ့ခွင့်ပေးမည်ဟု ပြောဆိုခဲ့ကြောင်း တွေ့ဆုံရာတွင် ပါဝင်ခဲ့သည့် ဖမ်းဆီးခြင်းခံထားရသူ ကိုနိုင်ဝင်း၏ ဖခင် ဦးကျန်မောင်မှ ပြောကြားခဲ့သည်။

**မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ ရွာသားတစ်ချို့ ဖမ်းဆီး၊ခေါ်ဆောင်ခံရ**

ဧပြီလ ၁၁ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းမြင့်၊ ဦးထွန်းစိန်လှ၊ ဦးမောင်စောသိန်း၊ ဦးထွန်းမောင်နုနှင့် အောက်လေညှင်းတောင်ရွာမှ ကိုကျော်ဆန်းအောင်၊ ကိုကျော်နိုင်နှင့် ကိုတင်မိုးကျော် (ရဲထွက်)တို့ကို လမ်းပြအဖြစ် ဖမ်းဆီး

ခေါ်ဆောင်သွားခဲ့သည်။ ထိုနေ့ နေ့လည်ပိုင်းတွင်ပင် လက္ကာကျေးရွာသား လေးဦးသည် ပြန်လည် လွတ်မြောက်လာခဲ့သည်။

### မောင်တောမြို့နယ်၊ မောရဝတီကျေးရွာမှ လူငယ် နှစ်ဦး ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကိုင်းကြီးရခိုင်ရွာနှင့် မြို့ကျေးရွာကြား ကွန်ကရစ်ကားလမ်း တံတားအနီးတွင် ဧပြီလ ၂၁ ရက်နေ့ ည ၇ နာရီ ၅၀ မိနစ်အချိန်ခန့်၌ မိုင်းနှစ်လုံးပေါက်ကွဲခဲ့ပြီးနောက် မောရဝတီကျေးရွာမှ မောင်ကျော်သိန်းနှင့် မောင်နေကျော်လင်းတို့သည် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် မောရဝတီ ဘုန်တော်ကြီးကျောင်းသို့ တပ်မ ၂၂၊ တပ်ရင်း ၅၃၅ နှင့် နယ်ခြားစောင့်တပ်တို့ ရောက်ရှိလာခဲ့ပြီး ကျေးရွာသားများအား စစ်ဆေးကာ ၎င်းတို့ နှစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် မောင်နေကျော်လင်းအား ပြန်လည်လွှတ်ပေးခဲ့ကာ မောင်ကျော်သိန်းကို ဧပြီလ ၂၃ ရက်နေ့တွင် မောင်တောမြို့နယ် တရားရုံး၌ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ၅၀(က)ဖြင့် အမှုဖွင့်၍ ချုပ်ရမန် ယူခဲ့သည်။ ယင်းပေါက်ကွဲမှုနှင့်ဆက်စပ်ပြီး ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဝင် မောင်ကျော်သိန်းအား ဖမ်းဆီးရမိခဲ့ပြီး လိုအပ်သည်များ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဧပြီလ ၂၂ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

## ► ပျောက်ဆုံးသွားခြင်းများ

### ပလက်ဝရွာသားများ ခြောက်လကြာသည့်တိုင် ရှာမတွေ့ဘဲ ပျောက်ဆုံးနေ

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပီချောင်းဒေသ၌ လွန်ခဲ့သော ခြောက်လခန့်က တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA)တို့ကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အရပ်သား သုံးဦးသည် ပျောက်ဆုံးသွားခဲ့သည်။ ခြောက်လကြာသည့်တိုင်အောင် ထိုအရပ်သားများကို ရှာတွေ့ခြင်းမရှိသေးဘဲ ပျောက်ဆုံးနေဆဲဖြစ်သည်။

## ► တရားစွဲဆိုခံရခြင်းများ

### ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးကို တရားစွဲဆို ဖမ်းဆီး

ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အတွင်း လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြမှုများသည် တပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့ကို ဂုဏ်သိက္ခာကျဆင်းစေသည်ဟုဆိုကာ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး လင်းထွန်းမှ ဒါရိုက်တာ ဦးမင်းထင်ထင်ကိုကိုကြီးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် အင်းစိန်မြို့နယ် တရားရုံးတွင် ဦးတိုက် လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ ထို့ပြင် မတ်လ ၂၉ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် အင်းစိန်မြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ဦးမင်းထင်ကိုကိုကြီးသည် ပုဒ်မ ၆၆(ဃ)အတွက် အင်းစိန်မြို့မရဲစခန်း၌ သွားရောက်၍ စစ်ဆေးမှုခံယူခဲ့ပြီး အာမခံရရှိခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့တွင် ဦးမင်းထင်ကိုကိုကြီးသည် ပုဒ်မ ၅၀၅(က)အတွက် အင်းစိန်မြို့နယ်တရားရုံး၌ ပထမအကြိမ်ရုံးချိန်းကို တက်ရောက်ခဲ့ပြီး တရားရုံးမှ အာမခံခွင့်မပြုသည့်အတွက် ဖမ်းဆီးခြင်းခံခဲ့ရကာ အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ဧပြီလ ၂၅ ရက်နေ့တွင် ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးကို ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့သည်။ ၎င်းသည် အသည်းကင်ဆာရောဂါ ခံစားနေရသည့်အတွက် အာမခံလျှောက်ထားခဲ့သော်လည်း တရားရုံးမှ ပယ်ချခဲ့သည်။

### စာရေးဆရာမနွယ်သာဂီကို အမှုဖွင့်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၌ တိမ်ညိုရဲကင်းစခန်းမှူး သေနတ်ဖြင့် ပတ်သတ်ခြင်းခံခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ တိုက်ရိုက်ထုတ်လွှင့်ပြောဆိုခဲ့သည့်အတွက် စာရေးဆရာမ နွယ်သာဂီကို အမှုဖွင့်ထားသည်ဟု တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ မတ်လ ၃၁ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ စာရေးဆရာမ နွယ်သာဂီသည် “တပ်မတော်အပေါ် ပြည်သူလူထုအထင်အမြင်လွဲမှားရန် ရည်ရွယ်၍” မဟုတ်မမှန်လုပ်ကြံ Live ထုတ်လွှင့်ဖော်ပြပြောဆိုခဲ့သည်ဟု ဖော်ပြထားသည့်ပြင် ၎င်းသည် ရခိုင်ပြည်နယ်၌ နေထိုင်ခြင်းမရှိဘဲ လားရှိုးမြို့၌ နေထိုင်ကာ ထွက်ပြေး တိမ်းရှောင်နေသည်ဟုလည်း ဖော်ပြထားသည်။

## အောက်သားကန်ရွာသား ငါးဦးကို မတရားအသင်းဆက်သွယ်မှုအက်ဥပဒေဖြင့် အမှုဖွင့်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အောက်သားကန်ကျေးရွာမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံထားရသူ ခြောက်ဦးအနက်မှ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းကျော်နိုင်အား ပြန်လည် လွှတ်ပေးခဲ့ပြီး ကျန်ငါးဦးဖြစ်သော ဦးစိန်ထွန်း၊ ဦးလှသိန်းမောင်၊ ဦးဘထွန်း၊ ဦးမောင်ဖြူချေနှင့် ဦးကိုနိုင်တို့ကို မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် အမှုဖွင့်ခဲ့သည်။ အုပ်ချုပ်ရေးမှူး ဦးသိန်းကျော်နိုင်မှ မတ်လ ၃၁ ရက်နေ့တွင် ၎င်းအား လွှတ်ပေးခဲ့ခြင်းဖြစ်ပြီး ဦးစိန်ထွန်း၊ ဦးလှသိန်းမောင်၊ ဦးဘထွန်း၊ ဦးမောင်ဖြူချေနှင့် ဦးကိုနိုင်တို့ငါးဦးကို လက်နောက်ပြန်ကြိုးတုတ်ကာ ခေါ်ဆောင်သွားခဲ့သည်ဟု ပြောကြားခဲ့သည်။

## ဦးနေမျိုးဇင် တရားစွဲဆို ဖမ်းဆီးခြင်းခံထားရ

ဧပြီလ ၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အဖျောက်မြို့၌ ပြုလုပ်ခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေး ထောက်ခံကြောင်း ဟောပြောပွဲ၌ တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အသုံးအနှုန်းများ ဟောပြောခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရကာ နိုင်ငံရေးနှင့် လူမှုရေးတက်ကြွလှုပ်ရှားသူ ဦးနေမျိုးဇင်သည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)၊(ခ) တို့ဖြင့် တရားစွဲဆိုခြင်းကို ခံထားရသည်။ ဧပြီလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီးတိုးလင်းမှ တရားလိုပြုလုပ်၍ ဦးနေမျိုးဇင်ကို တိုက်ကြီးမြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဧပြီလ ၁၉ ရက်နေ့တွင် ကိုနေမျိုးဇင်သည် တိုက်ကြီးမြို့နယ် တရားရုံး၌ ရုံးချိန်းတက်ရောက်ခဲ့ပြီး တရားသူကြီးမှ အာမခံခွင့်မပြုသည့်အတွက် ဖမ်းဆီးခြင်းခံခဲ့ရကာ အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။

## ရက္ခိတပြက္ခဒိန် ရောင်းချသူ အမျိုးသားတစ်ဦးအပါအဝင် အမျိုးသား လေးဦးကို တရားစွဲဆို

ဧပြီလ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်တရားရုံးမှ ရက္ခိတပြက္ခဒိန် ထုတ်ဝေရောင်းချသူ ရခိုင်အမျိုးသား ကိုသိန်းအောင်မြတ်အပါအဝင် အမျိုးသား လေးဦးကို မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် စွဲချက်တင်ခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် ကိုသိန်းအောင်မြတ်သည် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းတွင် ရက္ခိတပြက္ခဒိန်ရောင်းချနေစဉ် ဖမ်းဆီးခြင်းခံခဲ့ရပြီး ၎င်း၏ သူငယ်ချင်း၊ ယာဉ်မောင်းနှင့် ဒေသခံ တစ်ဦးတို့သည်လည်း အတူ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် ၎င်းတို့လေးဦးကို ဟိုင်းကြီးကျွန်းရဲစခန်းမှတစ်ဆင့် ငပုတောရဲစခန်းသို့ ပြောင်းရွှေ့ ထိန်းသိမ်းထားခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ၎င်းတို့ကို ပုသိမ်ထောင်အချုပ်သို့ ပို့ဆောင်မည်ဟု ကိုသိန်းအောင်မြတ်၏ ဇနီးဖြစ်သူမှ ပြောကြားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးမှ ရဲမှူးကြီး ဦးထွန်းရွှေမှ ကိုသိန်းအောင်မြတ်အပါအဝင် အမျိုးသားလေးဦးကို သတင်းတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ ဖမ်းဆီးခြင်းဖြစ်ပြီး အဓိကအားဖြင့် ပြက္ခဒိန်တွင် ရေးထားသည့်စာများတွင် သောင်းကျန်းသူများသုံးသည့် အသုံးအနှုန်းများပါဝင်သည့် အတွက်ကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

## ဒေါင်းတို့မျိုးဆက် သကြၤန်သံချပ်အဖွဲ့ဝင် ငါးဦးကို အမှုဖွင့်၊ဖမ်းဆီး

ဧပြီလ ၂၂ ရက်နေ့တွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ငါးဦး ဖြစ်သော ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း (ခ)ဒီရေ၊ ကိုဖိုးသား(ခ)ဇော်လင်းထွဋ်နှင့် မကေခိုင်ထွန်းတို့သည် ၎င်းတို့ကို စွဲဆိုထားသော ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) စွဲချက်အတွက် တရားရင်ဆိုင်ရန် မရမ်းကုန်းမြို့နယ်တရားရုံး၌ ပထမအကြိမ်ရုံးချိန်းကို တက်ရောက်ခဲ့သည်။ သို့သော်လည်း မရမ်းကုန်းမြို့နယ် တရားရုံးမှ အာမခံခွင့်မပြုသဖြင့် ၎င်းတို့သည် ဖမ်းဆီးခြင်းခံခဲ့ရပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ သံချပ်ဖျော်ဖြေတင်ဆက်ရာတွင် တပ်မတော်ကို ထိခိုက်စေသော စာသားအချို့ပါဝင်သည်ဟုဆိုကာ ဧပြီလ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုဗိုလ်မှူး သန်းထွန်းမြင့်မှ တရားလို ပြုလုပ်ပြီး ၎င်းတို့ ငါးဦးကို ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)ဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ ဧပြီလ ၁၉ ရက်နေ့တွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ အလုံမြို့နယ်၊ ဟယ်ပင်ကလေးဆေးရုံတွင် သူနာပြု တာဝန် ထမ်းဆောင်နေသော မကေခိုင်ထွန်းကို ဖမ်းဆီးခဲ့ပြီး ငွေကျပ်သိန်းတစ်ရာနှင့် အာမခံနိုင်သူ နှစ်ဦးဖြင့် အာမခံပေးခဲ့သည်။

ထို့ပြင် ဒုပိုလ်မှူး သန်းထွန်းမြင့်မှ ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း(ခ)ဒီရေနှင့် မဆုရတနာမြင့်တို့ကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့် မရမ်းကုန်းရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့တွင် ၎င်းတို့လေးဦးကို မရမ်းကုန်းရဲစခန်းမှ ခေါ်ယူ၍ စစ်ချက်ယူခဲ့ပြီး အာမခံဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့တွင် ဘုရင့်နောင်ပွဲရုံ၌ သံချပ်ဖျော်ဖြေခဲ့ခြင်းနှင့်ပတ်သက်ပြီး အမှုဖွင့်ထားခြင်းဖြစ်သည်ဟု သိရှိရသည်။

### ဒေါင်းတို့မျိုးဆက် သံချပ်တစ်ဖွဲ့လုံးကို ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်

ဧပြီလ ၁၉ ရက်နေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုပိုလ်မှူးကြီး သက်နိုင်ဂင်းမှ ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ၂၅ ဦးကို ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ပုသိမ်မြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့တွင် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၌ သံချပ်ထိုးဖျော်ဖြေခဲ့ရာတွင် တပ်မတော်ကို ထိခိုက်ပုတ်ခတ်စော်ကားသောစာသားများဖြင့် သံချပ်ထိုး၍ လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့်အတွက် အမှုဖွင့်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

### တပ်မတော်မှ ဧရာဝတီသတင်းဌာနကို ၆၆ (ဃ)ဖြင့် တရားစွဲဆိုထား

တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) တို့ကြားဖြစ်ပွားလျှက်ရှိသည့် တိုက်ပွဲများအကြောင်း ရေးသားထားသည့် ဆောင်းပါး များကြောင့် တပ်မတော်မှ ဧရာဝတီသတင်းဌာန၏ တာဝန်ခံအယ်ဒီတာ ကိုရဲဇာနည်ကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် ကျောက်တံတားမြို့နယ်ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ အမှုဖွင့်ထားသည်ဆိုသည်ကို သကြၤန်မတိုင်မီကတည်းက တပ်မတော်ဘက်မှ အကြောင်းကြားလာသည်ဟု ဧရာဝတီ အင်္ဂလိပ်ပိုင်းအယ်ဒီတာ ကိုကျော်စွာမိုးမှ ပြောကြားခဲ့သည်။

### တက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှအပါအဝင် ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူ ငါးဦးကို တရားစွဲဆို

ဧပြီလ ၂၂ ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီရဲတပ်ဖွဲ့မှ တက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှနှင့် ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူများဖြစ်သော ကိုမောင်ဦး၊ မသန္တာ၊ ဦးငယ်နှင့် မနော်သိန်းတို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉၊ ၂၀ ဖြင့် မြဝတီမြို့၌ ဖမ်းဆီးခဲ့ပြီး မြဝတီမြို့မရဲစခန်း၌ စစ်ဆေး၍ အာမခံပေးခဲ့သည်။ ဆန္ဒထုတ်ဖော်ရာတွင် တရားဝင်ခွင့်ပြုချက်တောင်းခံခဲ့သော်လည်း ခွင့်ပြုချက်များထက် ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းကြောင့် အမှုဖွင့်ဖမ်းဆီးရခြင်း ဖြစ်သည်ဟု ရဲအရာရှိတစ်ဦးမှ ပြောကြားခဲ့သည်။ မြဝတီမြို့ရှိ ရွှေမြစန္ဒီ အိမ်ယာကို ဖျက်သိမ်းခြင်းမပြုရန် ဧပြီလ ၂၁ ရက်နေ့တွင် ဒေါ်နော်အုန်းလှတို့ ငါးဦးမှ ဦးဆောင်၍ ဆန္ဒထုတ်ဖော်ခဲ့သည်။

### တပ်မတော်မှ မန္တလေးမှ ဆရာတော် ဦးသောဘိတကို ပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်

တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားသည်ဟု စွပ်စွဲခြင်းခံရကာ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခံထားရသော မန္တလေးမှ ဆရာတော် ဦးသောဘိတကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် အရေးယူပေးရန် ဧပြီလဆန်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ ပထမတန်း၊ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးကျော်မှ အမရပူရ တရားရုံးတွင် ဦးတိုက်လျှောက်ထားခဲ့သည်။ လျှောက်ထားချက်နှင့်ပတ်သက် ၍ ရဲမှ စတင် စစ်ဆေးနေပြီဖြစ်ကြောင်း အမရပူရမြို့နယ်တရားရုံးမှ တရားသူကြီး ဦးဇော်မင်းမှ ပြောကြားခဲ့သည်။

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### ABSDF မြောက်ပိုင်း ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်

ဧပြီလ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တရားရုံးမှ မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီး၊တရားစွဲဆိုခြင်းခံထားရသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မြောက်ပိုင်း ဒုဥက္ကဋ္ဌ ကိုအောင်ဆွေဦးနှင့် အဖွဲ့ဝင် ကိုမောင်ဦးတို့ကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်ခဲ့ပြီး ချုပ်ရက် လေးလကျော်ကို ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။ ကားသမား ကိုမောင်ကိန်းကို တရားသေလွှတ်ပေးခဲ့သည်ဟု အကျိုးဆောင် ရှေ့နေဦးတင်လှိုင်မှ ပြောကြားခဲ့သည်။ ၎င်းတို့သုံးဦးသည် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ လှုပ်ရှားမှုနယ်မြေအတွင်းသို့ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက် နေထိုင်ခဲ့သည်ဟုဆိုကာ ဖမ်းဆီး၊တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

[ချင်းလက်ဝရွာသား သုံးဦးကို ထောင်ဒဏ် သုံးနှစ်စီချမှတ်]

ဧပြီလ ၁၀ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် တရားရုံးမှ ပလက်ဝမြို့နယ်၊ ချင်းလက်ဝကျေးရွာမှ ဦးသာထွန်း၊ မောင်ဇော်မင်းထိုက်နှင့် ဦးထွန်းအေးတို့ကို မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် ထောင်ဒဏ် သုံးနှစ်စီ ချမှတ်ခဲ့သည်။ ရက္ခိုင့်တပ်မတော် (AA) နှင့် အဆက်အသွယ်ရှိသည်ဟု မနာလိုသူများမှ စစ်တပ်ကို သတင်းပေးပို့ခြင်းကြောင့် ၎င်းတို့ သုံးဦးသည် ဇန်နဝါရီလကတည်းက ဖမ်းဆီးခြင်း ခံထားရသည်။

## ထောင်တွင်းအခြေအနေများ

[ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ကို အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့]

ဧပြီလ ၆ ရက်နေ့တွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခြင်းခံထားရသည့် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို စစ်တွေ အကျဉ်းထောင်မှ ရန်ကုန် အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုသို့ ပြောင်းရွှေ့ရာတွင် မိသားစုဝင်များကို အသိပေးခြင်းမရှိပါဟု ဒေါက်တာအေးမောင်၏ သားဖြစ်သူ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းမှ ပြောကြားခဲ့ သည်။

[စစ်တွေအကျဉ်းထောင်တွင် ဆူပူမှုဖြစ်၊ သေနတ်ဖြင့် ပစ်ခတ်ထိန်းသိမ်းခဲ့ရ]

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ စစ်တွေအကျဉ်းထောင အတွင်းတွင် ဧပြီလ ၂၀ ရက်နေ့ ည ၉ နာရီကျော် အချိန်ခန့်၌ ဆူပူမှုဖြစ်ပွားခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ထိန်းသိမ်းခဲ့ရသည်ဟု ပြည်နယ် အဆင့်တာဝန်ရှိသူများမှ ပြောကြားခဲ့သည်။ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ လွှတ်ပေးသည့် အကျဉ်းသား အရေအတွက်နည်းခြင်း၊ ရခိုင်တိုင်းရင်းသားတချို့ကို အခြားဒေသမှ အကျဉ်းထောင်များဆီ ပြောင်းရွှေ့ရန် စီစဉ်ခြင်းတို့ကို ကျေနပ်ခြင်းမရှိရာမှ စတင်ကာ ထောင်တွင်းဆူပူမှု ဖြစ်ပွားရခြင်းဟု ဆူပူမှုဖြစ်နေချိန် စစ်တွေထောင်ရှေ့ သွားရောက်လေ့လာခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲ ဝင်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ စစ်တွေမြို့ခံ ဦးမောင်ထွန်းလှိုင်မှ ပြောကြားခဲ့သည်။ အကျဉ်းဦးစီးဌာန ဒုတိယညွှန် ကြားရေးမှူး ဦးမင်းထွန်းစိုးမှ စည်းကမ်းပျက် အကျဉ်းသား ၃၀ ကျော် ပြောင်းရွှေ့ချိန်နှင့် လွတ်ငြိမ်းချမ်း သာခွင့်ပေးချိန်တို့အပေါ် မူတည် ၍ ပေါ်ပေါက်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

[တန်းတူအခွင့်အရေးမရရှိသဖြင့် မှုပွလင်ကုန်ထုတ်စခန်းမှ အကျဉ်းသားများ လုပ်ငန်းခွင်ဝင်ခြင်းမပြုဘဲ ဆန္ဒထုတ်ဖော်]

နှစ်ဆန်းတစ်ရက်နေ့တွင် သမ္မတမှ လွတ်ငြိမ်း သက်သာခွင့်ပေးရာ၌ အကျဉ်းသားအချင်းချင်း တန်းတူ အခွင့်အရေးရရှိခြင်း မရှိဟုဆိုကာ အကျဉ်းဦးစီးဌာန အောက် မှုပွလင်(ကျား) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၀၀ ဦးခန့်မှ လုပ်ငန်းခွင်ဝင်ခြင်း မပြုဘဲ ဆန္ဒထုတ်ဖော် ခဲ့ကြသည်။ ဧပြီလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC)မှ အကျဉ်းသားများနှင့် သွားရောက်တွေ့ဆုံ ညှိနှိုင်းခဲ့ကြ သည်။ မှုပွလင် ကုန်ထုတ်စခန်းမှ အကျဉ်းကျနေသူများ၏ တောင်းဆိုချက်များတွင် ပြင်ဆင်လိုက်သည့် မူးယစ်ဆေး ဥပဒေအရ သက်သာခွင့်များမရရှိခြင်း၊ လွတ်ငြိမ်းသက်သာ ခွင့်တွင် ပုဒ်မတူပြစ်ဒဏ်တူများ လွတ်မြောက်သော်လည်း ကျန်သူများရှိနေခြင်း၊ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိ သူမှ လွတ်ငြိမ်း သက်သာခွင့်တွင်ပါဝင်ခဲ့သော်လည်း ၎င်းနှင့်အတူရှိနေခြင်း၊ အနီးအနားတွင် ရှိနေခြင်းကြောင့် အားပေးကူညီမှုဖြင့် စွပ်စွဲ ပြစ်ဒဏ်ချမှတ်ခံရသူမှာ မပါဝင်ခြင်း၊ ပြစ်မှုအမျိုးမျိုးဖြင့် ကျခံနေရသူများ သက်သာ ခွင့်တစ်စုံတစ်ရာ မရရှိခြင်း၊ စည်းကမ်း ကောင်းသူများအား လွှတ်ပေးခြင်းဟုဆိုခြင်းကြောင့် ကျန်ရှိသူများ စည်းကမ်း မကောင်းသူများဟု ထင်မြင်နိုင်၍ ပြန်လည်စိစစ်ပေးရန်တို့ ပါဝင်သည်။ MNHRC အဖွဲ့ဝင် ဦးယုလွင်အောင်မှ တောင်းဆိုချက်များကို ဧပြီလ ၂၂ ရက်နေ့တွင် သမ္မတရုံးသို့ တင်ပြခဲ့ကြောင်း ပြောကြားခဲ့သည်။

[ရွှေဘိုအကျဉ်းထောင်တွင် ဆူပူမှုဖြစ်ပွား၊ တိုင်းဝန်ကြီးချုပ် သွားရောက်ဖြေရှင်း]

ဧပြီလ ၂၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အကျဉ်းထောင်အတွင်းတွင် အကျဉ်းသား ၁၀၀၀ ကျော်ပါဝင်သည့် ဆူပူမှုဖြစ်ပွားခဲ့သည်။ ထောင်တွင်းဆူပူမှုသည် အမျိုးသားအဆောင် ၁ မှ စတင်ကာဖြစ်ပွားခဲ့ပြီး အဆောင် ၂၊ ၃ နှင့် အလုပ်ရုံတို့ကို ပျံ့နှံ့ခဲ့သည်။ အကျဉ်းသားများကိုင်ဆောင်ထားသည့် ပိုက်ဘုတ်ပေါ်တွင် လွတ်ငြိမ်းချမ်းသာ တန်းတူညီမျှမှု ရရှိရေး ဒို့အရေးဆိုသည့် စာသားကို ရေးသားထားကြောင်း သိရှိရသည်။ ထောင်ဆူပူမှုဖြစ်ပွားရာကို ရွှေဘိုမြို့တွင် ရောက်ရှိနေသည့် စစ်ကိုင်းတိုင်းဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စိုက်/မွေးဝန်ကြီး ဦးကမ်ဇာမုံ၊ ဒေသခံ

လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ သွားရောက်ဖြေရှင်းပေးခဲ့ကြပြီး ပြေလည်မှုရရှိခဲ့သည်။ ရွှေဘိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူမှ ထောင်တွင်း တရားမျှတမှုရရှိရေး၊ အကျဉ်းကျနေသူချင်း ခွဲခြားဆက်ဆံမှု မလုပ်ရေး တို့အတွက် တောင်းဆိုခြင်းဖြစ်သည်ဟု ပြောကြားခဲ့ သည်။

## ► ထောင်မှ လွှတ်မြောက်မှုများ

### ကလေးစစ်သား ၃၂ ဦးကို နုတ်ထွက်ခွင့်ပေး

အသက် ၁၈ နှစ် မပြည့်သေးဘဲ တပ်မတော်သားအဖြစ် စုဆောင်းခြင်းခံထားရသူ ၃၂ ဦးကို မတ်လ ၃၁ ရက်နေ့ တွင် နုတ်ထွက်ခွင့်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ယနေ့အထိ ကလေးစစ်သား စုစုပေါင်း တစ်ထောင်နီးပါးကို တပ်မတော်မှ စိစစ် နုတ်ထွက်ခွင့်ပေးထားပြီးဖြစ်ကြောင်း တပ်မတော်နှင့် ယူနီဆက်အဖွဲ့မှ အသီးသီး ထုတ်ပြန် ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လမှ စတင်ပြီး မြန်မာအစိုးရနှင့် ကုလသမဂ္ဂတို့ ပူးတွဲလုပ်ငန်းစဉ် (Joint Action Plan) သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့် နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည့် ကလေး စစ်သားပေါင်း (၉၅၆) ဦးရှိသွားပြီဖြစ်ကြောင်း မတ်လ (၃၁)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

### ကချင်တက်ကြွလှုပ်ရှားသူ ဒေါ်နန်ပူ လွှတ်မြောက်

စစ်ဘေးသင့် ပြည်သူများ လွှတ်မြောက်ရေးအတွက် ကချင်ပြည်နယ်မနောကွင်းတွင် ဦးဆောင်ဆန္ဒပြရာ၌ တပ်မတော်ကို အသရေဖျက်သည်ဟု စွပ်စွဲခြင်းခံခဲ့ရကာ ထောင်ဒဏ်ချမှတ်ခြင်းခံထားရသော ကချင် တက်ကြွလှုပ်ရှားသူ ဒေါ်နန်ပူသည် ဧပြီလ ၅ ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လည် လွှတ်မြောက် လာခဲ့သည်။ ဒေါ်နန်ပူသည် ကျန်းမာရေးကောင်းမွန်ခြင်း မရှိသည့်အတွက် ပြစ်ဒဏ် နှစ်လ လျှော့ချခံခဲ့ရပြီး ထောင်ဒဏ် လေးလကျခံခဲ့ရသည်။ ဒေါ်နန်ပူနှင့်အတူ ထောင်ဒဏ် ချမှတ်ခြင်းခံခဲ့ရသော ဦးဇော်ဂျတ်နှင့် ဦးလွမ်းဇောင်းတို့ နှစ်ဦးသည် ပြန်လည် လွှတ်မြောက် လာခြင်း မရှိသေးပါ။

### ထိန်းသိမ်းထားသော NSCN-K ခေါင်းဆောင်ငါးဦးကို ပြန်လည်လွှတ်ပေး

ဧပြီလ ၅ ရက်နေ့တွင် တပ်မတော်မှ ထိန်းသိမ်းထားသည့် နာဂ အမျိုးသား ဆိုရှယ်လစ် ကောင်စီ–ကပ္ပလန်(NSCN-K) ၏ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီ (NSCN-K)၏ ထိပ်ပိုင်းခေါင်းဆောင် ၁၀ ဦးအနက် ငါးဦးကို ခံဝန်ချက်ဖြင့် လွှတ်ပေးခဲ့သည်။ မတ်လ ၉ ရက်နေ့ ကတည်းက ခန္တီးအခြေစိုက် ခလရ (၅၂) တပ်နယ်ရိပ်သာသို့ ခေါ်ဆောင်ထိန်း သိမ်းထားသည့် NSCN-K ထိပ်ပိုင်းခေါင်းဆောင် ၁၀ ဦးအနက် ဦးအန်ကန်၊ ဦးကျော်ဝမ်းစိန်၊ ဦးအန်းမိုင်၊ ဦးစောထင်၊ ဦးအောင်ဆိုင်းတို့ ငါးဦးကို မတ်လ ၂၆ ရက်နေ့တွင် ခန္တီးရဲစခန်း၌ မတရားအသင်း ဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် အမှုဖွင့်ခဲ့ပြီး ကျန်ငါးဦးကို ပြန်လည် လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

NSCN-K အခြေစိုက်ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တကားကျေးရွာအနီးတွင် ဇန်နဝါရီလ ၂၉ ရက်နေ့မှစတင်၍ တပ်မတော်မှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် ခန္တီးရဲစခန်း၌ နာဂဒေသဖြစ်စဉ်နှင့်ပတ်သက်ပြီး တပ်မတော်မှ မတရားအသင်း ဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် အမှုဖွင့်ထားသူ စုစုပေါင်း ၂၉ ဦး ရှိသည်ဟု ခန္တီးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးမှ ပြောကြားခဲ့သည်။

### နှစ်သစ်တွင် နိုင်ငံရေးအကျဉ်းသား ငါးဦးအပါအဝင် အကျဉ်းသား တစ်သောင်းကျော်ကို လွှတ်ငြိမ်းသက်သာ ခွင့်ဖြင့် လွှတ်ပေး

မြန်မာ့နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ဧပြီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ အကျဉ်းသားပေါင်း ၉၅၅၁ ဦးကို ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည် လွှတ်ပေးခဲ့သည်။ အကျဉ်းထောင်နှင့် အကျဉ်း စခန်းအသီးသီးတွင် အကျဉ်းကျခြင်းခံထားရသည့် နိုင်ငံသား အကျဉ်းသူ၊ အကျဉ်းသား ၉၅၃၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာ ခွင့်ပေးခြင်းဖြစ်သည်ဟု ဧပြီလ ၁၇ ရက်နေ့တွင် ထုတ်ပြန်သည့် နိုင်ငံတော်သမ္မတရုံး အမိန့်စာ၌ ဖော်ပြထားသည်။

ထို့ပြင် လွတ်မြောက်လာသူများတွင် အိုးဘို အကျဉ်းထောင်၌ အကျဉ်းချခြင်းခံထားရသော နိုင်ငံရေး အကျဉ်းသား ဦးမရမ်ဂမ်နှင့် မြင်းခြံအကျဉ်းထောင်၌ အကျဉ်းချခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသား ဦးဇော်လတို့ ပါဝင်သည်။ ၎င်းတို့ နှစ်ဦးသည် ၁၉ နှစ်ကြာ အကျဉ်းကျခြင်းခံခဲ့ရသည်။

ထို့ပြင် မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ် အပါအဝင် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသည့် အနေဖြင့် မြန်မာနိုင်ငံနေရာ ဒေသ အသီးသီးတွင် အကျဉ်းကျခြင်းခံထားရသည့် အကျဉ်းသား ၆၉၄၈ ဦးကို စည်းကမ်း သတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်ကြောင်း နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်မှ ဧပြီလ ၂၆ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထိုလွတ်ငြိမ်းသက်သာခွင့်ဖြင့် မတရားအသင်းဆက် သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်ခြင်းခံထားရသော အရပ်သား ကိုဇေခေါင်၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ထောင်ဒဏ် ခြောက်လနှင့် ဒဏ်ငွေ ငါးသောင်း ချမှတ်ခြင်းခံထားရသော ကချင် တက်ကြွလှုပ်ရှားသူ ကိုဇော်ဂျက်နှင့် ကိုလွမ်းဇောင်းတို့ သုံးဦးသည် မြစ်ကြီးနားအကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသော သရက်ပြင်ကျေးရွာသားများ ပြန်လည် လွတ်မြောက်

ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာအနီးတွင် ဗုံးပေါက်ကွဲသည့်အတွက် စစ်ဆေးမေးမြန်းရန် မတ်လ ၂၉ ရက်နေ့တွင် ၅၅၁ တပ်ရင်းမှ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသော သရက်ပြင်ကျေးရွာမှ ရွာသား ၁၀ ဦးကျော်သည် မတ်လ ၃၀ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ခေါ်ဆောင်သွားခြင်းခံခဲ့ရသူ အများစုသည် အမျိုးသမီးများဖြစ်ကြသည်။

## လက်နက်ကြီးပေါက်ကွဲ၍ ဖက်ဝန်းချောင်းကျေးရွာသားနှစ်ဦး ဒဏ်ရာရ

ဧပြီလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဖက်ဝန်းချောင်းကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးပေါ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် အသက် ၃၂ နှစ်အရွယ် ကိုဇော်မင်းနှင့် အသက် ၁၅ နှစ်အရွယ် ကိုမောင်သူတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာပြင်းထန်သည့် ကိုမောင်သူကို စစ်တွေဆေးရုံသို့ ပို့ဆောင်ထားပြီး ကိုဇော်မင်းသည် ကျောက်တော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

## ကျောင်းသား နှစ်ဦးအား ပစ်သတ်ခဲ့သည့် PNO/PNA ပြည်သူ့စစ်တပ်သားကို ဖမ်းဆီးအမှုဖွင့်

မတ်လ ၃၁ ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ တဘက်ကျေးရွာအုပ်စု၊ မဲဟဲရွာ ဘုန်းတော်ကြီးကျောင်းပေါ်တွင် အိပ်ပျော်နေသော အသက် ရှစ်နှစ်အရွယ် ခွန်ကျော်သန်းနှင့် ခွန်ကျော်လေးတို့ကို PNO/PNA ပြည်သူ့စစ်အဖွဲ့ဝင် ဦးဖြားဖွားမှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ဘုန်းတော်ကြီးကို ကျေနပ်ခြင်းမရှိသည့်အတွက် ဘုန်းကြီးကျောင်းကို တက်၍ ပြဿနာရှာကာ တားမြစ်သည့်ကြားမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ဦးဖြားဖွားကို ဖမ်းဆီး၍ ဆီဆိုင်မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အရေးယူထားသည်။

## AAကို အကြမ်းဖက်သောင်းကျန်းသူဟု သုံးနှုန်းသည့် သတင်းဌာနများကို ဗုံးခွဲမည်ဟု ခြိမ်းခြောက်စာပို့

ရက္ခိုင့်တပ်မတော်(AA)ကို အကြမ်းဖက် သောင်းကျန်းသူဟု သုံးနှုန်းခြင်းနှင့်ပတ်သက်ပြီး ဧပြီလ ၂ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ ပြည်တွင်းမှ သတင်းဌာနတချို့သည် ဗုံးခွဲခြင်းခံရမည်ဟု ခြိမ်းခြောက်စာများ ပေးပို့ခြင်း ခံခဲ့ရသည်။ ထိုခြိမ်းခြောက်စာများကို လူမှုကွန်ရက်စာမျက်နှာမှ သတင်းဌာနများ၏ သတင်းဂေဟ်ဆိုက်ဘ်များဆီ ပေးပို့ခဲ့သလို သတင်းဌာနများ၏ အီးမေးလ်မှတစ်ဆင့်လည်း ပေးပို့လာခြင်းဖြစ်သည်။ ခြိမ်းခြောက်စာ ပေးပို့ခြင်းခံခဲ့ရသည့် သတင်းဌာနများတွင် 7 Day Dayily၊ Mizzima နှင့် Eleven သတင်းဌာနတို့အပြင် အခြားသတင်းဌာန တချို့လည်း ပေးပို့ခြင်းခံခဲ့ရသည်။ ခြိမ်းခြောက်စာတွင် AA ကို သောင်းကျန်းသူအဖွဲ့ဟု သတင်းရေးသားသည့် သတင်းဌာနများကို စာရင်းပြုစုထားပြီး ရခိုင်ပြည်ကို သတင်းလာယူပါက အသက်အန္တရာယ်ကို အာမ မခံနိုင်ပါဟုလည်း ဖော်ပြထားသည်။ AA အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခမှ ၎င်းတို့ဘက်မှ ပေးပို့ခြင်းမဟုတ်ကြောင်း ငြင်းဆိုထားသည်။

## ဆုထူးစံကုမ္ပဏီဂန်ထမ်း ရှစ်ဦးကို AA ဖမ်းဆီး

မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်သွယ်ထားသည့် ပလက်ဝ-မီဇိုရမ်နစ်လမ်းသွားကားလမ်း ဖောက်လုပ်နေသော ဆုထူးစံ ကုမ္ပဏီမှ ဝန်ထမ်းရှစ်ဦးကို ရက္ခိုင့်တပ်မတော် (AA) မှ မတ်လ ၃၀ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်ဟု တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဧပြီလ ၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဆုထူးစံကုမ္ပဏီမှ ဝန်ထမ်း ရှစ်ဦးသည် စစ်ထောက်လှမ်းရေး ပေါင်းများ ဖြစ်၍ ဖမ်းဆီးထားခြင်း ဖြစ်ကြောင်း AA မှ ပြောကြားထားပြီး ၎င်းတို့ကို နိုင်ငံတကာ ဥပဒေနှင့်အညီ ထိန်းသိမ်းထားဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဖမ်းဆီးခြင်းခံထားရသူများသည် ဦးလှမျိုးအောင်၊ ဦးကျော်ထွန်း၊ ဦးစောကိုကိုနိုင်၊ ဦးပေါ်ကြီး၊ ဦးသိန်းဇော်၊ ဦးသိန်းဟန်၊ ဦးထွန်းအောင်ကျော်နှင့် ဦးဇော်မျိုးသူတို့ ဖြစ်ကြသည်။

### မြောင်းမြအကျဉ်းထောင်၌ အကျဉ်းသား တိုက်ပိတ်ခံရမှု လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြား

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်ရှိ မြောင်းမြ အကျဉ်းထောင်တွင် အကျဉ်းကျနေသော အကျဉ်းသား တစ်ဦးဖြစ်သူ အသက် ၄၀ နှစ် အရွယ်ရှိ ဦးဘိလာကို အာဏာပိုင်များမှ ညစ်ညမ်းစွာ ဆဲဆိုမှု ပုဒ်မ ၂၉၄ ၊ ဝတ္တရား နှောင့်ယှက်မှု ပုဒ်မ ၁၅၃ တို့ဖြင့် အမှုဖွင့်၍ တိုက်ထဲတွင် ခြေချင်း ၁၄ ရက်ခတ်ခဲ့ပြီး ယနေ့အချိန်ထိ တိုက်ပိတ်ထားသည့်အတွက် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်အေးသန္တာမော်မှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) သို့ ဧပြီလ ၂ ရက်နေ့တွင် တိုင်ကြားခဲ့သည်။ မတ်လဆန်းတွင် မြောင်းမြ အကျဉ်းထောင်အတွင်းသို့ မူးယစ်ဆေးဝါး ပစ်သွင်းမှု နှင့်ပတ်သက်ပြီး အကျဉ်းသား တစ်ဦးကို ထောင်ဝန်ထမ်းများမှ ရိုက်နှက်နေချိန် ဦးဘိလာမှ တားမြစ်ခဲ့သည့် အတွက်ကြောင့် ဖြစ်သည်ဟု ဒေါ်အေးသန္တာမော်မှ ပြောကြားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ MNHRC မှ မကြာခင် စုံစမ်း စစ်ဆေးသွားမည် ဖြစ်ကြောင်း MNHRC အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။

### ဖားကန့်တွင် ရွှေတူးသူ လေးဦးကို KIA မှ ဖမ်းဆီးခဲ့ကြောင်း တပ်မတော် ထုတ်ပြန်

မတ်လ ၁၁ ရက်နေ့တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဘန်ကောက်ကျေးရွာမှ ဒေသခံ လေးဦးအနက် ပြန်လည်ထွက်ပြေး လွတ်မြောက် လာသူ တစ်ဦးကို မြစ်ကြီးနား တပ်မတော်ဆေးရုံ၌ ဆေးကုသပေးနေသည်ဟု တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဧပြီလ ၃ ရက်နေ့တွင် သတင်းထုတ်ပြန် ခဲ့သည်။ ဘန်ကောက်ကျေးရွာမှ ဦးဖော်လီဆာ အပါအဝင် ဒေသခံ လေးဦးသည် ရွာအနီး၌ ရွှေတူးဖော် နေစဉ် KIA အဖွဲ့မှ တနိုင်းယန်ဒေသကို ဖမ်းဆီးခေါ်ဆောင်သွား ခဲ့သည်ဟုလည်း တပ်မတော်၏ ထုတ်ပြန်ချက်အရ သိရှိရ သည်။

### ဘုန်းကြီးပျံပွဲ၌ အရုပ်ကျွဲများကို "ဝန်ကြီး"၊ "အမတ်" အမည်ပေးသည့် ရွာသားများ ခေါ်ယူ စစ်ဆေးခြင်းခံရ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ သင်းပန်းချိန်ကျေးရွာ၌ ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ကျင်းပခဲ့သော ဘုန်းကြီးပျံပွဲ တွင် ကျွဲခတ်ပွဲကျင်းပပြုလုပ်ရာ၌ အရုပ်ကျွဲ နှစ်ကောင်ကို "ဝန်ကြီး"၊ "အမတ်"ဟု အမည်ပေးခဲ့ သည့်အတွက် ပွဲဦးဆောင်ကျင်းပခဲ့သော မကျည်းကုန်း ရွာသား ဦးဖြူလုံး အပါအဝင် ရွာသား ခုနစ်ဦးကို ဧပြီလ ၃ ရက်နေ့တွင် ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ယူ စစ်ဆေးခဲ့ကြောင်း ဦးဖြူလုံးမှ ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းတို့အား အမှုဖွင့်ခြင်းမပြုသေး ဘဲ အရေးယူသင့်မသင့်ကို နိုင်ငံတော် သမ္မတရုံးသို့ တင်ပြမည်ဟု ရဲတပ်ဖွဲ့မှူးမှ ပြောဆိုခဲ့ကြောင်း ၎င်းမှ ဆိုသည်။ လက်ရှိ အချိန်တွင် ဦးဖြူလုံး အပါအဝင် ရွာသား ခုနစ်ဦးသည် အကျယ်ချုပ် ပုံစံမျိုးဖြင့် ရမ်းဗြဲမြို့ပေါ်တွင် နေထိုင် သွားလာနေရကြောင်း ဘုန်းကြီးပျံပွဲ ဦးဆောင်ကျင်းပသူ တစ်ဦး ဖြစ်သော ဦးသန်းတင်အောင်မှ ပြောကြားခဲ့သည်။

### လေကြောင်းပစ်ခတ်မှုကြောင့် ရွာသား ခြောက်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

ဧပြီလ ၃ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ်၊ စိုင်းဒင်တောင်တန်းအနီးတဝိုက်၌ တပ်မတော်မှ လေကြောင်းမှ ပစ်ခတ်မှုကြောင့် ဝါးခုတ်လုပ်သား ခြောက်ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။ စိုင်းဒင်ချောင်းအနီးရှိ ရေချမ်းပြင်၊ သပြုချောင်း၊ ထိပ်တူးပေါက်၊ ကင်းတောင် စသည့် ကျေးရွာများမှ ကျေးရွာသားများသည် လှေအုပ်စုဖြင့် ခုတ်ထားသော ဝါးလုံးများကို တောင်ပေါ် ချောင်းအတွင်းသို့ သယ်ယူနေစဉ် ဗုံးသီးများ ကျလာခဲ့ခြင်းဖြစ်သည်။

### ရခိုင် စစ်ဘေးရှောင်များအတွက် အလှူခံနေသည့်အဖွဲ့ကို ရဲတပ်ဖွဲ့ တားမြစ်

ဧပြီလ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ စစ်ဘေးရှောင် ပြည်သူများအတွက် အလှူငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့မှု ပြုလုပ်ရန် အလှူခံနေသည့် မျိုးဆက်ရင်သွေး ပရဟိတ လူငယ်များအသင်းကို စစ်တွေ အမှတ် ၁ ရဲစခန်းမှ လာရောက်တားမြစ်မှုများ ပြုလုပ်ခဲ့သည်။ အလှူခံရန်အတွက် ပြည်နယ်အစိုးရထံမှ ခွင့်ပြုချက် လိုသည်ဟု အလှူခံအဖွဲ့ကို လာရောက်တားဆီးမှု ပြုလုပ်ခဲ့သည့် အမှတ် ၁ ရဲစခန်းမှ ရဲအရာရှိတစ်ဦးမှ ပြောကြားခဲ့သည်။

### ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကလေးတစ်ဦး အပါအဝင် ခုနစ်ဦး ပစ်သတ်ခံရ

ဧပြီလ ၅ ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်၊ အနန်းကွင်းရွာတွင် တပ်မတော်သား နှစ်ယောက်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အသက် ၈ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် လူ ၇ ဦး

သေဆုံးခဲ့သည်။ ကမ္ဘာရား ဆိုင်ကယ်ပြင်ဆိုင်သို့ လူ နှစ်ဦး ရောက်ရှိလာခဲ့ပြီး ဆိုင်ကယ်ငှားရန် တောင်းဆိုရာမှ စကားများခဲ့ကြပြီး ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်ခဲ့သူများသည် ခလရ ၂၇၅ မှ တပ်သား ငြိမ်းချမ်းနှင့် ခမရ ၃၃၉ မှ တပ်သား မြင့်ဝင်း တို့ဖြစ်ကြပြီး တပ်ထဲမှ ခွင့်မဲ့ပျက်ကွက်နေသူ များဖြစ် သည်။

## ရဲစခန်းမှ ဖမ်းဆီးသွားခဲ့ပြီးနောက် ဒဏ်ရာများနှင့် သေဆုံးခဲ့သည့်အမှုဖြစ်စဉ်အား မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် စစ်ဆေး

ရပ်ကွက်အေးချမ်းသာယာရေးကို ထိခိုက်အောင်လုပ်သည် ဟုဆိုကာ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ငှက်ပျော်ချောင်း တိုက်နယ် အမှတ်(၂) ရဲစခန်းမှ ဖမ်းဆီးသွားခဲ့ပြီးနောက် ဖူးယောင်ညိုမဲဒဏ်ရာများနှင့် သေဆုံးခဲ့သည့် ဝါးခယ်မမြို့နယ်၊ ဆူးတွင်းကျေးရွာအုပ်စု တွင်နေထိုင်သူ ဦးကျော်အေး၏ အမှုနှင့်ပတ်သက်၍ ဧပြီလ ၁၁ ရက်နေ့မှ ဧပြီလ ၁၃ ရက်နေ့ထိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC)မှ သွားရောက် စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးပြီးနောက် သေဆုံးမှုနှင့် ပတ်သက်၍ တာဝန်ရှိ ရဲဝန်ထမ်းများကို အရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြထား ကြောင်း MNHRC မှ သတင်းထုတ်ပြန်ခဲ့သည်။

ဧပြီလ ၁ ရက်နေ့ တွင် သေဆုံးသူ၏ မိသားစုဝင်များမှ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သို့ တိုင်ကြားခဲ့သည်။ ထို့ကြောင့် မကြာမီ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း MNHRC အတွင်းရေးမှူး ဦးဘုန်းကြွယ်မှ ပြောကြားခဲ့သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စကားများခဲ့သည်ဆိုသည့် သေဆုံးသူ ကိုကျော်အေးကို မတ်လ ၂၁ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မတ်လ ၂၆ ရက်နေ့တွင် သေဆုံးခဲ့ခြင်းဖြစ်ကာ ဝါးခယ်မမြို့နယ်ဆေးရုံမှ အလောင်း ကို သွားရောက်သယ်ယူခဲ့ရာတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည်ကို တွေ့ရှိရ၍ သေဆုံးသူ၏ မိသားစုဝင် များမှ တိုင်းတန်းခဲ့ခြင်းဖြစ်သည်။

## မြောက်ဦး ချောင်းသစ်မှ သားအမိနှစ်ဦး ကျည်ရုပ်ထိမှန်

ဧပြီလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ချောင်းသစ်ကျေးရွာမှ ဒေါ်လှနုနှင့် ၎င်း၏ အသက် ၁ နှစ် နှင့် ၉ လ အရွယ်ရှိ မမြတ်အေးခင်တို့ကို ကျည်ရုပ် ထိမှန်ခဲ့သည်။ ဧပြီလ ၉ ရက်နေ့ ည ၁၀း၀၀ နာရီအချိန်ခန့်တွင် သေနတ်ပစ်ခတ်သံများ ထွက်ပေါ် လာပြီးနောက် နေအိမ်တွင် နေထိုင်ရသည်မှာ မလုံခြုံ သလို ခံစားရ၍ ချောင်းသစ်ကျေးရွာမှ ဒေါ်လှနုသည် ၎င်း၏ ကလေးငယ် မမြတ်အေးခင်ကို ခေါ်ဆောင်ကာ ရွာဦးဘုန်းတော်ကြီးကျောင်း ခိုမှာရှံသို့ လာရောက်ခိုလှုံစဉ် ဒေါ်လှနု၏ ဘယ်ဘက် နို့အုံနှင့် သမီးဖြစ်သူ မမြတ်အေးခင်၏ ဝဲဘက်ရင်အုံပေါ်သို့ ကျည်ဆံရုပ် ထိမှန်ခဲ့သည်။

## ဆင်ဆာမတင်သည့် သံချပ် အဖွဲ့ လေးဖွဲ့ ဖျော်ဖြေခွင့် တားမြစ်ခံရ

၂၀၁၉ ခုနှစ်သင်္ကြန်တွင် သံချပ်ဆင်ဆာမတင်သည့် အိုးဝေသံ၊ ဒေါင်းတို့မျိုးဆက်၊ ကျောင်းနံရံနှင့် ဒို့အသံ စသည့် သံချပ်အဖွဲ့ လေးဖွဲ့သည် မဏ္ဍပ်များတွင် ဖျော်ဖြေခွင့် တားမြစ်ခြင်းခံခဲ့ရသည်။ ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့မှ သံချပ်အဖွဲ့များကို ဆင်ဆာတင်ရန် ညွှန်ကြားထားပြီး ဆင်ဆာမတင်သည့် အဖွဲ့များကို မဏ္ဍပ်များ၌ ဖျော်ဖြေခွင့်မပြုရန် ညွှန်ကြားထားမှုများ ရှိသည်ဟု တားမြစ်ခြင်းခံခဲ့ရသည့် သံချပ်အဖွဲ့များမှ ပြောကြားခဲ့သည်။ ခွင့်ပြုချက်မတင်သည့် သံချပ်အဖွဲ့များ ကို သင်္ကြန်မဏ္ဍပ်များမှ ဖိတ်ကြားသော်လည်း အာဏာပိုင် များမှ ထိုမဏ္ဍပ်များကို ဖိအားပေးမှုများရှိသည်ဟု သိရှိရ သည်။

## သေနတ်ကျည်ထိမှန်ခဲ့သည့်အတွက် အရပ်သားတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ၌ ဧပြီလ ၁၃ ရက်နေ့ ည ၁၀း၀၀ နာရီခန့်အချိန်တွင် မြန်မာစစ်တပ်မှ ပစ်ခတ်မှုကြောင့် အသက် ၆၁ နှစ်အရွယ် ဦးမောင်ကျော်စိန်သည် သေနတ်ကျည်ဆံထိမှန်ကာ သေဆုံးခဲ့ပြီး အသက် ၆၃ နှစ်အရွယ် ဦးကျော်သိန်းသည် ဒဏ်ရာရရှိခဲ့သည်။ ဦးကျော်သိန်း၏ သေနတ်ကျည်ဆံ ထိမှန်ထားသည့် ဒဏ်ရာပြင်းထန်ခြင်းကြောင့် မြောက်ဦး ဆေးရုံမှ စစ်တွေဆေးရုံသို့ အရေးပေါ် လွှဲပြောင်းပေးခဲ့ရ သည်။ နယ်မြေခံမြန်မာ စစ်တပ်မှ ပစ်ခတ်သည်ဟု ရွာသားများမှ ပြောကြားခဲ့သော်လည်း တပ်မတော်ဘက်မှ ၎င်းတို့ ပစ်ခတ်ခြင်းမဟုတ်ကြောင်း ပြောဆိုခဲ့သည်။

## အမ်းမြို့နယ် လက်နက်ကြီးကျည်ကျမှု မိခင်သေဆုံး၊ သမီးဒဏ်ရာရ

ဧပြီလ ၁၂ ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဂါးကြီးတောင်ကျေးရွာနှင့် သုံးမိုင်ခန့်ဝေး သည့် ယာခင်း အတွင်းရှိ လူနေအိမ် နှစ်လုံးပေါ်ကို

လက်နက်ကြီးကျည် ကျရောက်ခဲ့သည့်အတွက် အသက် ၇၈ နှစ် အရွယ် ဒေါ်ပဒွန် သေဆုံးခဲ့ပြီး သမီးဖြစ်သူ အသက် ၄၀ နှစ် အရွယ် ဒေါ်မကျန် ခေါ် ဒေါ်ပါမယ် ဒဏ်ရာရရှိခဲ့သည်။ တပ်မတော်မှ အမ်းမြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒေါ်မကျန်ကို လျော်ကြေး တစ်သိန်းနှင့် အမ်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ ငါးသောင်း လာရောက်ပေးခဲ့သည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဆလိုင်းလျန်မှ ပြောကြားခဲ့သည်။

## မြန်မာ့ သတင်းလွတ်လပ်ခွင့် အဆင့် တစ်ဆင့် ထပ်မံကျဆင်း

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် ၂၀၁၈ ခုနှစ်ကထက် အဆင့် တစ်ဆင့် ကျဆင်းသွားသည်ဟု ပြင်သစ်အခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF)၏ ဧပြီလ ၁၈ ရက်နေ့ ထုတ်ပြန်ချက်အရ သိရှိရသည်။ RSF အဖွဲ့မှ ထုတ်ပြန်သည့် ၂၀၁၉ ခုနှစ် သတင်းလွတ်လပ်ခွင့်ညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ ရှိသည့်အနက် မြန်မာနိုင်ငံသည် အဆင့် ၁၃၈ တွင် ရပ်တည်နေပြီး ၂၀၁၈ ခုနှစ်တွင် သတ်မှတ်ခြင်းခံခဲ့ရသည့် အဆင့် ၁၃၇ ထက် တစ်ဆင့် လျော့ချ၍ သတ်မှတ်ခြင်းခံခဲ့ရသည်။

## မြောက်ဦးတွင် လက်နက်ကြီးထိမှန်၍ သားအဖနှစ်ဦး ဒဏ်ရာရ

ဧပြီလ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာအတွင်းကို လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် ရွာအတွင်းရှိ ဦးမောင်သန်းအေးနှင့် မဌေးဌေးအောင်တို့ သားဖနှစ်ဦး လက်နက်ကျည်စများ ထိမှန်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့ နှစ်ဦးသည် မြောက်ဦးဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်။

## ရခိုင်ပဋိပက္ခ ပိုကြီးလာမည်ကို စိုးရိမ်၍ မီဒီယာတချို့ ကို အရေးယူဟု တပ်မတော် ပြောကြား

သတင်းမီဒီယာများ၏ ရခိုင်အရေး ရေးသား ဖော်ပြချက်များကြောင့် လူမျိုးရေး ပဋိပက္ခများ ပိုမိုကြီးထွားလာမည်ကို တပ်မတော်မှ စိုးရိမ်သဖြင့် သတင်း မီဒီယာတချို့ကို အရေးယူရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေး အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ ဧရာဝတီသို့ ပြောကြားခဲ့သည်။ ယခုရက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသအကြောင်း ရေးသားဖော်ပြချက်များနှင့် ပတ်သက်၍ ဧရာဝတီသတင်းဌာန၊ လွတ်လပ်သော အာရှအသံ(RFA) သတင်းဌာနတို့ကို အရေးယူရန် ပြင်ဆင်ထားကြောင်း၊ ယင်းဌာနများ၏ ဖော်ပြချက်များသည် မျှတမှုမရှိ၍ ဖြစ်ကြောင်း တပ်မတော်မှ ဆိုသည်။ ဧရာဝတီ သတင်းဌာနကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့် တပ်မတော်မှ အမှုဖွင့်ထားသောကြောင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်ရဲစခန်းသို့ လာရောက်ရန် ဧရာဝတီမြန်မာပိုင်း အယ်ဒီတာ ဖြစ်သူ ဦးရဲဇာနည်ကို ဆင့်ခေါ်ထားပြီး RFA သတင်းဌာနကိုမူ မီဒီယာကောင်စီမှ ဝင်ရောက် ညှိနှိုင်းဆောင်ရွက်နေသဖြင့် တရားစွဲဆိုသည့် အဆင့်သို့ မရောက်သေးကြောင်း သတင်းမီဒီယာ အသိုင်းအဝိုင်းမှ သိရှိရသည်။

## ဘူးသီးတောင်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ကျည်ထိမှန်၊ ဝမ်းဗိုက်တွင်းမှ ကလေးငယ် သေဆုံး

ဧပြီလ ၂၁ ရက်နေ့ နေ့လယ် ၂ နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ ဆင်သေပြင်ဘင်္ဂါလီရွာတွင် ကိုယ်ဂန်ဆောင် အမျိုးသမီးတစ်ဦး၏ ဝမ်းဗိုက်ကို ကျည်ထိမှန်ခဲ့သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီး မဆောနရ်ရာသည် ဘူးသီးတောင်ဆေးရုံ၌ ဆေးကုသမှုခံယူနေချိန်တွင် ဝမ်းဗိုက်အတွင်းရှိ ကလေးငယ် သေဆုံးသွားခဲ့သည်။

## ရိုက်တာသတင်းထောက်နှစ်ဦး၏ အမှုအယူခံကို ပြည်ထောင်စု တရားလွှတ်တော်မှ ပယ်ချ

ဧပြီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့၏ အမှုအယူခံကို ပယ်ချခဲ့သည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ၎င်းတို့နှစ်ဦးသည် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခြင်းခံခဲ့ရပြီး ရန်ကုန်တိုင်း တရားလွှတ်တော်တွင် အယူခံတင်ခဲ့စဉ်၌လည်း ပယ်ချခြင်းခံခဲ့ရသည်။ ၎င်းတို့နှစ်ဦးကို ၂၀၁၉ ခုနှစ်အတွက် ပူလစ်ဇာဆုနှင့် UNESCO ၏ သတင်းလွတ်လပ်ခွင့်ဆု အပါအဝင် နိုင်ငံတကာမှ ဆုများ ပေးအပ် ချီးမြှင့်ထားသည်။

## မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် အမျိုးသမီး တစ်ဦး ဒဏ်ရာရ

ဧပြီလ ၂၃ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ကွမ်းသီးကောက်ရန် သွားသည့် အလယ်စခန်း ကျေးရွာတွင် လာရောက်လုပ်ကိုင်စားသောက်နေသူ

အသက် ၆၃ နှစ်အရွယ်ရှိ ဒေါ်နှင်းဆီသည် မြေမြှုပ်မိုင်းနင်းမိကာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည်။ ဒေါ်နှင်းဆီ၏ ဘယ်ဘက် ခြေထောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ထားဝယ်ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်ဟု အလယ်စခန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနိုင်တင်စန်းမှ ပြောကြားခဲ့သည်။

### AA ဖမ်းဆီးထားတဲ့ ခူမီးတိုင်းရင်းသား ၅၂ ဦးကို ပြန်လွှတ်ပေးရန် တောင်းဆို

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကင်းတလင်းကျေးရွာမှ ခူမီးတိုင်းရင်းသား ၅၂ ဦးကို ရက္ခိုင့် တပ်မတော် (AA) မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ပြန်လွှတ်ပေးရန် ခူမီးချင်းမျိုးနွယ်စုများရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (KACC) မှ ဧပြီလ ၂၈ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တပ်မတော်နှင့် AA တို့ ကင်းတလင်းရွာနား၌ တိုက်ပွဲဖြစ်ပွားရာမှ မိသားစု ၁၂ စုမှ လူဦးရေ ၅၄ ဦးကို AA မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု KACC ဥက္ကဋ္ဌ ဦးကျော်ငြိမ်းမှ ပြောကြားခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူ ၅၄ ဦးအနက် နှစ်ဦးသည် ပြန်လည်လွတ်မြောက်လာခဲ့ပြီး ကျန်ရှိသူများသည် AA စခန်းချနေရာများ၌ နေထိုင်နေရဆဲဖြစ်သည့်ပြင် အစာရေစာ လုံလောက်မှု မရှိကြောင်းလည်း ပြောကြားခဲ့သည်။ တိုက်ပွဲများကြောင့် တောထဲသို့ ထွက်ပြေးနေကြရသည့် ခူမီးလူမျိုးများကို စစ်ဘေးလွတ်ရာ ဘင်္ဂလားဒေ့ရှ်နယ်စပ် တစ်နေရာဆီ AA မှ ပို့ဆောင်ပေးခဲ့သည်ဟု AA ပြောခွင့်ရပုဂ္ဂိုလ် ခိုင်သုခမှ ပြန်လည်တုံ့ပြန်ထားသည်။

## ▶ လယ်ယာမြေအငြင်းပွားမှုများ

### တပ်သိမ်းမြေပြန်လည်ရရှိရေး လားရှိုးတောင်သူ နှစ်ရာခန့် ဆန္ဒထုတ်ဖော်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးအခြေစိုက် အမှတ် ၃၄၆ အမြောက်တပ်ရင်း၊ လစရ(၇) နှင့် လဆသ (၇) တို့မှ သိမ်းဆည်းထားသည့် စီမံကိန်းသက်တမ်းအရ ဆောင်ရွက်ခြင်းမရှိသော မြေများနှင့် မြေပိုမြေလျှံများကို ဥပဒေအရ ပြန်လည် စွန့်လွှတ်ပေးရန် ဧပြီလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့၌ တောင်သူ နှစ်ရာခန့်မှ ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်တွင် လားရှိုးမြို့နယ်၊ ခေးခမ်းကျေးရွာနှင့် ဘူတာခေးနင်း ကျေးရွာမှ တောင်သူများ လုပ်ကိုင်နေသည့် လယ်ယာမြေများကို လျော်ကြေးပေးခြင်းမရှိဘဲ သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး ပြန်လည် စွန့်လွှတ်ခြင်းများ ရှိသော်လည်း တောင်သူများ လက်ဝယ်သို့ ရောက်ရှိခြင်း မရှိကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။

### တပ်သိမ်းမြေ ပြန်လည် ရရှိရေး တောင်သူ ၅၀ ခန့်မှ ဆန္ဒထုတ်ဖော်

အမှတ် ၉၁၀၊ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ သိမ်းဆည်းထားသော လယ်ယာမြေများကို ပြန်လည် ရရှိရေးအတွက် ဧပြီလ ၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာမှ တောင်သူ ၅၀ ဦးခန့်မှ ဆန္ဒ ထုတ်ဖော်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အမှတ် ၉၁၀၊ စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်းမှ တောင်သူ ၃၅ ဦးပိုင် လယ်ယာမြေ ၂၁၄.၃၄ ဧကကို သိမ်းဆည်းခဲ့သည်။

### သိမ်းဆည်း လယ်ယာမြေများပြန်လည်ရရှိရေး ကျောက်ဆည် တောင်သူများ ထွန်တုံးတိုက်ပွဲ ဆင်နွှဲ

စီမံကိန်းစားကျက်မြေဟုဆိုကာ သိမ်းဆည်းသွားခဲ့သော လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဧပြီလ ၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆူးလေကုန်းအုပ်စု၊ မောင်းထောင်ကွင်း၌ တောင်သူများမှ ထွန်တုံးတိုက်ပွဲ ဆင်နွှဲခဲ့ကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက ကျောက်ဆည်မြို့နယ်နှင့် ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တောင်သူ ၂၄ ဦးထံမှ လယ်ယာမြေဧကပေါင်း ၂၂၂ ဧကကို သိမ်းယူခဲ့သည်။ လက်ရှိတွင် သိမ်းဆည်းခြင်း ခံထားရသည့် လယ်ယာမြေများအား သီးစားအငှားချ စိုက်ပျိုးထားခြင်းနှင့် လုပ်ငန်းရှင်တစ်ချို့ကို ငှားရမ်းခြင်းများ ပြုလုပ်ထားသည်။

### တပ်မတော်မှ ငှားရမ်းထားသည့် မြေဧက ၈၀ ကျော် ပြန်လည်ရရှိရန် တောင်သူများ ဆန္ဒထုတ်ဖော်

မန္တလေး ဘီယာစက်ရုံ တိုးချဲ့ဆောက်လုပ်ရန်အတွက် တပ်မတော်မှ ငှားရမ်းထားသည့် မြေဧက ၈၀ ကျော်ကို ပြန်လည် စွန့်လွှတ်ပေးရန် ဧပြီလ ၇ ရက်နေ့တွင် မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရွာမှ တောင်သူ ၁၀၀ ခန့်မှ ဆန္ဒ ထုတ်ဖော်ခဲ့သည်။ အမှတ် ၉၁၀၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း အနီးတွင်ရှိသည့် စည်ပိုင်းကုန်းကျေးရွာကို တပ်နှင့် မလွတ်ကင်းသည့်

အတွက် ၁၉၉၂ ခုနှစ်ခန့်တွင် ပြောင်းရွှေ့ခိုင်းခဲ့ပြီးသည့်နောက်ပိုင်း၌ တောင်သူများသည် ထိုလယ်ယာမြေများကို တပ်မတော်မှတစ်ဆင့်သာ ငှားရမ်းလုပ်ကိုင်ခဲ့ကြရသည်။

## လယ်ယာမြေများကို မတရား သိမ်းယူ၍ အကွက်ချရောင်းချခဲ့ခြင်းအပေါ် ထိရောက်စွာ အရေးယူပေးရန် သတင်းစာ ရှင်းလင်းပွဲပြုလုပ်

လယ်ယာမြေများကို မတရား သိမ်းယူ၍ အကွက်ချရောင်းချခဲ့ခြင်းအပေါ် ကျူးလွန်သူနှင့် တရားမဝင်ဝယ်ယူသူတို့ကို သက်ဆိုင်ရာများမှ အရေးယူခြင်းမရှိသဖြင့် ထိရောက်စွာ အရေးယူပေးရန် ဧပြီလ ၈ ရက်နေ့တွင် လယ်ပိုင်ရှင်မိသားစုများမှ ရန်ကုန်မြို့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် သက်ဆိုင်ရာ အာဏာပိုင်များမှ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်အတွင်းရှိ မြေဧက ၁၂.၃၅ ဧကကို မတရားသိမ်းယူခဲ့ပြီး လက်ရှိအစိုးရလက်ထက် တွင် အကွက်ချရောင်းချနေ၍ မြို့နယ် မြေစာရင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြ တိုင်ကြားသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိသဖြင့် နိုင်ငံတော်လူကြီးများ သိရှိစေရန် သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း လယ်ပိုင်ရှင်မိသားစုဝင် ဒေါ်နွဲ့နွဲ့ဝင်းမှ ပြောကြားခဲ့သည်။

## သိမ်းဆည်းခံမြေကိစ္စ ရုန်းရင်းဆန်ခတ်ဖြစ်

ဧပြီလ ၁၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘူးကုန်းကျေးရွာအနီးရှိ သိမ်းဆည်းခြင်းခံခဲ့ရသည့် လယ်မြေပေါ်တွင် တဲထိုးနေထိုင်လျှက်ရှိသော ဒေသခံများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကြား ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ တောင်သူများသည် သိမ်းဆည်းခံမြေများပေါ်တွင် ပဲ၊ ပြောင်း၊ နှမ်းများ ပြန်လည်စိုက်ပျိုးလို၍ လယ်ကွက်များတွင် တဲထိုးနေထိုင်သည်ကို စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများမှ လယ်ထွန်စက်များနှင့် ဖျက်ရန် ကြိုးစား သောကြောင့် တောင်သူများမှ တားဆီးသည့်အတွက် ပဋိပက္ခများဖြစ်ပွားရခြင်း ဖြစ်သည်ဟု မြေဧက ၄၀ ခန့် သိမ်းဆည်းခြင်းခံခဲ့ရသည့် တောင်သူ ဒေါ်ခရေမှ ပြောကြားခဲ့သည်။

၁၉၈၀ ခုနှစ်တွင် နိုင်ငံတော်ပိုင် ပြောင်းစိုက်ခင်းအတွက်ဟုဆိုကာ ထိုနေရာမှ မြေဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေး ဦးစီးဌာနမှ သိမ်းယူခဲ့ပြီး စီမံကိန်း မအောင်မြင်ခြင်းကြောင့် တပ်မတော်ရိက္ခာတပ်ကို မြေဧက ၃၀၀၀ ခန့် လွှဲပြောင်းပေးခဲ့သည်ဟု တောင်သူများမှ ပြောကြားခဲ့သည်။ ကျန်ရှိသည့် မြေဧက ၂၀၀၀ အနက်မှ ၉၀၀ ကျော်ကို မူလတောင်သူများမဟုတ်ဘဲ သီးစားလုပ်ကိုင်ခွင့်ရရှိခဲ့သည့် တောင်သူများကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် ပြန်ပေးခဲ့မှုများရှိသည်ဟု ဒေါ်ခရေမှ ပြောဆိုခဲ့သည်။

## ဘိုးဘွားပိုင်တောင်ယာများကို ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်သော်လည်း စိုက်ပျိုးချိန်နီးသောကြောင့် စုပေါင်းထွန်ယက်ခြင်း ဆက်လက်ပြုလုပ်

ဧပြီလ ၂၀ ရက်နေ့တွင် အမှတ် ၃၆၀ အမြောက်တပ်မှ တာဝန်ရှိသူ အရပ်ဝတ် ခုနစ်ဦးမှ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ ဘိုးဘွားပိုင် တောင်ယာမြေများတွင် ထွန်ယက်စိုက်ပျိုးနေသော တောင်သူများကို ထွန်ယက်စိုက်ပျိုး ခြင်းမပြုလုပ်ရန် လာရောက် တားမြစ်သော်လည်း စိုက်ပျိုးချိန်နီးသဖြင့် တောင်သူများမှ စုပေါင်းထွန်ယက်ခြင်းပြုလုပ်ခဲ့ကြသည်။ ယခင်တပ်ရင်းမှူး ဗိုလ်မှူး ဝင်းမင်းအောင်မှ သတ်မှတ်ပေးထားသော တောင်ယာဧက ၂၈၀ ခန့်ပေါ်တွင်သာ ထွန်ယက်ခြင်းဖြစ်ပြီး ယခုတပ်ရင်းမှူးအသစ်အား တွေ့ဆုံလိုကြောင်း တောင်သူများမှ တောင်းဆိုထားသော်လည်း တွေ့ခွင့်မရသေးကြောင်း၊ စိုက်ပျိုးခွင့်မရရှိပါက တောင်သူများမှာ စားဝတ်နေရေး ခက်ခဲမည်ဖြစ်ကြောင်း သိရှိရသည်။ ထိုမြေများကို တပ်စွန့်လွှတ်မြေအဖြစ် သတ်မှတ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သောကြောင့် ဒေါဆိုရှေ့တောင်သူများ၏ တောင်ယာများအား ကွင်းဆင်းတိုင်းတာခြင်းပြုလုပ်ခဲ့ကြောင်း၊ တပ်စွန့်မြေအဖြစ် နှစ်ကြိမ်တိုင်ပြုလုပ်ခဲ့သော်လည်း ကွင်းဆင်းသည့်နေရာများ မပါဝင်ကြောင်း ဒေသခံ တောင်သူများမှ ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အမှတ် ၃၆၀ အမြောက်တပ်မှ တာဝန်ရှိသူများမှ ဒေါဆိုရှေ့ရွာသူကြီး အပါအဝင် တောင်သူ ငါးဦးအား ခေါ်ယူတွေ့ဆုံခဲ့ကာ သက်ဆိုင်ရာသို့ စာတင်ပြရန်နှင့် အမိန့်စာ ဝင်လာပါက တပ်ရင်းသို့ သတင်းပို့ပြီး ပြန်လည် စိုက်ပျိုးခွင့်ပြုမည်ဖြစ်ကြောင်း တွေ့ဆုံပြောကြားသဖြင့် သက်ဆိုင်သည့် ဌာနများသို့ စာပြန်လည် တင်ပြထားသည်ဟု သိရှိရသည်။

## ဂေါက်ကွင်းအတွက် သိမ်းဆည်းထားသည့်မြေများမှ ဖြတ်သန်းခွင့်မပြုသဖြင့် လယ်ယာသွားရန်အခက်တွေ့နေ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် တပ်မှ သိမ်းဆည်းထားသည့်လယ်ယာမြေများ၏ အတွင်းပိုင်းကျသော ခြံမြေများသို့ သွားရောက်လုပ်ကိုင် စားသောက်ခွင့်မပြုသဖြင့် အခက်တွေ့နေရကြောင်း သိရသည်။

သံချပ်ကာတပ်ရင်း ၇၁၁၅ မှ ဂေါက်ကွင်းတိုးချဲ့ရန် အတွက် သိမ်းဆည်းထားသော ဟူးမွန်ကျေးရွာအုပ်စု နောင်ခမ်းရွာသားများ၏ လယ်ယာ ခြံမြေများအား ဖြတ်သန်းကာ (မသိမ်းရသေးသော) အတွင်းပိုင်းကျသည့် ခြံမြေများသို့ပါ ရွာသားများအား သွားရောက်စိုက်ပျိုး ခွင့်မပေးလိုသဖြင့် မြောင်းကျယ်ကြီးဖြတ်တူးထားသည့် အတွက် ဧပြီလ ၁၉ ရက်နေ့တွင် ခေးခမ်းရွာသားများ သည် မြောင်းသွားဖို့ခဲ့ကြသည်။ သို့သော်လည်း ဧပြီလ ၂၁ ရက်နေ့တွင် တပ်မှလုံခြုံရေးချကာ စက်ကြီးများဖြင့် မြောင်းပြန်လည် တူးဖော်ခဲ့သည်။

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

## တရားရေးဝန်ကြီးဌာနတည်ထောင်ရေး ရန်ကုန်တွင် ဆွေးနွေး

ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ပိုမိုကောင်းမွန်သော တရားစီရင်ရေး ဆွေးနွေးပွဲကို ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့မှ ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၌ တရားစီရင်ရေးစနစ် ပိုမိုကောင်းမွန်ရန် တရားရေးဝန်ကြီးဌာနတစ်ခု ပြန်လည် ဖွဲ့စည်းရေး၊ လစ်လပ်နေသော အဆင့်ဆင့်တရားသူကြီးများနေရာတွင် အတွေ့အကြုံရှိသော ရှေ့နေတို့ကို ခန့်ထားရေး၊ တရားစီရင်ရေးဆိုင်ရာ ကော်မရှင်တစ်ရပ် ဖွဲ့စည်းရေး တို့အတွက် ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲသို့ ရှေ့နေများ၊ အာဏာရပါတီဝင်များ အပါအဝင် လူဦးရေ စုစုပေါင်း ၆ဝ ခန့် တက်ရောက်ခဲ့ကြ သည်။

## အကျဉ်းထောင် သုံးခုနှင့် အချုပ်ထောင် တစ်ခုကို တိုးချဲ့ဆောက်လုပ်လျက်ရှိဟု ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပြောကြား

အကျဉ်းထောင်များတွင် နေရာကျပ်တည်းမှုကို ဖြေလျှော့ရန် အကျဉ်းထောင် သုံးခုနှင့် အချုပ်ထောင် တစ်ခုကို တိုးချဲ့ဆောက် လုပ်လျက်ရှိကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးမှ ပြောကြားခဲ့သည်။ ဝန်ကြီးဌာနအသီးသီး ၏ တတိယ တစ်နှစ်တာကာလ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ပြောဆိုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးမှ ဖြေကြားရာ၌ အထက်ပါအချက်ကို ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

ကျောက်တော်တွင် AA နှင့် ဆက်သွယ်ခဲ့သည့် သံဃာ နှစ်ပါးနှင့် AA အဖွဲ့ဝင် သုံးဦးကို ဖမ်းဆီးရမိကြောင်း တပ်မတော် ထုတ်ပြန်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ အီလဲဗင်း
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မြန်မာတိုင်းမ်

တပ်မတော် စစ်ကြောင်းမှ ရွာသား ၂၇ ဦးကို ဖမ်းဆီးခေါ်ဆောင်၊ စစ်ဆေးနေစဉ် သုံးဦးသေဆုံး
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ နိုင်ရွှေရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ 7 Day Daily/မြန်မာ

မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာမှ ရွာသားတစ်ချို့ ဖမ်းဆီးခေါ်ဆောင်ခံရ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ နိုင်ရွှေရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ နိုင်ရွှေရာ/မြန်မာ

မောင်တောမြို့နယ်၊ မောရဝတီကျေးရွာမှ လူငယ် နှစ်ဦး ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ နိုင်ရွှေရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ BNI/မြန်မာ

## ပျောက်ဆုံးသွားခြင်း များ

ပလက်ဝရွာသားများ ခြောက်လကြာသည့်တိုင် ရှာမတွေ့ဘဲ ပျောက်ဆုံးနေ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ BNI

## တရားစွဲဆိုခံရခြင်းများ

ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးကို တရားစွဲဆို

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ မြန်မာနောင်း
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ဧရာဝတီ/မြန်မာ

**စာရေးဆရာမနွယ်သာဂီကို အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

**အောက်သားကန်ရွာသား ငါးဦးကို မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ

**ဦးနေမျိုးဇင် တရားစွဲဆို ဖမ်းဆီးခြင်းခံထားရ**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ရက္ခိုင့်တပြက္ခဒိန် ရောင်းချသူ အမျိုးသားတစ်ဦးအပါအဝင် အမျိုးသား လေးဦးကို တရားစွဲဆို**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ BNI/Burmese

**ဒေါင်းတို့မျိုးဆက် သံကြိုးသံချပ်အဖွဲ့ဝင် ငါးဦးကို အမှုဖွင့်၊ဖမ်းဆီး**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

**ဒေါင်းတို့မျိုးဆက် သံချပ်တစ်ဖွဲ့လုံးကို ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

**တပ်မတော်မှ ဧရာဝတီသတင်းဌာနကို ၆၆ (ဃ)ဖြင့် တရားစွဲဆိုထား**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ

**တက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှအပါအဝင် ဆန္ဒထုတ်ဖော်ပွဲ ဦးဆောင်သူ ငါးဦးကို တရားစွဲဆို**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ BNI/မြန်မာ

**တပ်မတော်မှ မန္တလေးမှ ဆရာတော် ဦးသောဘိတကို ပုဒ်မ ၅၀၅(ခ)ဖြင့် အမှုဖွင့်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ABSDF မြောက်ပိုင်း ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ ဧရာဝတီ

**ချင်းလက်ဝရွာသား သုံးဦးကို ထောင်ဒဏ် သုံးနှစ်စီချမှတ်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက် နီရဥ္စရာ/မြန်မာ

## ► ထောင်တွင်းအခြေအနေများ

**ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ကို အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ

[၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ ဧရာဝတီ/မြန်မာ]

**စစ်တွေအကျဉ်းထောင်တွင် ဆူပူမှုဖြစ်၊ သေနတ်ဖြင့် ပစ်ခတ်ထိန်းသိမ်းခဲ့ရ**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ အီလဲဗင်း]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ]

**တန်းတူအခွင့်အရေးမရရှိသဖြင့် မုပ္ပလင်ကုန်ထုတ်စခန်းမှ အကျဉ်းသားများ လုပ်ငန်းခွင်ဝင်ခြင်းမပြုဘဲ ဆန္ဒထုတ်ဖော်**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ အီလဲဗင်း/မြန်မာ]

**ရွှေဘိုအကျဉ်းထောင်တွင် ဆူပူမှုဖြစ်ပွား၊ တိုင်းဝန်ကြီးချုပ် သွားရောက်ဖြေရှင်း**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ အီလဲဗင်း/မြန်မာ]

## ► ထောင်မှ လွတ်မြောက်မှုများ

**ကလေးစစ်သား ၃၂ ဦးကို နုတ်ထွက်ခွင့်ပေး**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ The Voice/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ မြန်မာတိုင်းမ်]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ အီလဲဗင်း]

**ကချင်တက်ကြွလှုပ်ရှားသူ ဒေါ်နန်ပူ လွတ်မြောက်**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ ဧရာဝတီ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ မဇ္ဈိမ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဒီဗွီဘီ/မြန်မ]

**ထိန်းသိမ်းထားသော NSCN-K ခေါင်းဆောင်ငါးဦးကို ပြန်လည်လွှတ်ပေး**
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ မဇ္ဈိမ]

နှစ်သစ်တွင် နိုင်ငံရေးအကျဉ်းသား ငါးဦးအပါအဝင် အကျဉ်းသား တစ်သောင်းကျော်ကို လွတ်ငြိမ်းသက်သာ ခွင့်ဖြင့် လွှတ်ပေး

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ U.S.News
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ

## ► နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများ နှင့် ဆန္ဒထုတ်ဖော်မှုများ

ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသော သရက်ပြင်ကျေးရွာသားများ ပြန်လည် လွတ်မြောက်

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ BNI

လက်နက်ကြီးပေါက်ကွဲ၍ ဖက်ဝန်းချောင်း ကျေးရွာသားနှစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ BNI

ကျောင်းသား နှစ်ဦးအား ပစ်သတ်ခဲ့သည့် PNO/PNA ပြည်သူ့စစ်တပ်သားကို ဖမ်းဆီးအမှုဖွင့်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ 7 Day Daily/မြန်မာ

AAကို အကြမ်းဖက်သောင်းကျန်းသူဟု သုံးနှုန်းသည့် သတင်းဌာနများကို ဖုံးခွဲမည်ဟု ခြိမ်းခြောက်စာပို့
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ဆုတူးစံကုမ္ပဏီပန်ထမ်း ရှစ်ဦးကို AA ဖမ်းဆီး

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ အီလဲဗင်း
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**မြောင်းမြအကျဉ်းထောင်၌ အကျဉ်းသား တိုက်ပိတ်ခံရမှု လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြား**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်၊ အီလဲဗင်း/မြန်မာ

**ဖားကန့်တွင် ရွှေတူးသူ လေးဦးကို KIA မှ ဖမ်းဆီးခဲ့ကြောင်း တပ်မတော် ထုတ်ပြန်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ ဧရာဝတီ

**ဘုန်းကြီးပျံပွဲ၌ အရုပ်ကျွဲများကို "ဝန်ကြီး"၊ "အမတ်" အမည်ပေးသည့် ရွာသားများ ခေါ်ယူ စစ်ဆေးခြင်းခံရ**
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ ဗွီအိုအေ/မြန်မာ

**လေကြောင်းပစ်ခတ်မှုကြောင့် ရွာသား ခြောက်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ

**ရခိုင် စစ်ဘေးရှောင်များအတွက် အလှူခံနေသည့်အဖွဲ့ကို ရဲတပ်ဖွဲ့ တားမြစ်**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ BNI

**ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကလေးတစ်ဦး အပါအဝင် ခုနစ်ဦး ပစ်သတ်ခံရ**
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ

**ရဲစခန်းမှ ဖမ်းဆီးသွားခဲ့ပြီးနောက် ဒဏ်ရာများနှင့် သေဆုံးခဲ့သည့်အမှုဖြစ်စဉ်အား မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် စစ်ဆေး**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်း
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ အီလဲဗင်း/မြန်မာ

**မြောက်ဦး ချောင်းသစ်မှ သားအမိနှစ်ဦး ကျည်ရှပ်ထိမှန်**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ BNI/မြန်မာ

**ဆင်ဆာမတင်သည့် သံချပ် အဖွဲ့ လေးဖွဲ့ ဖျော်ဖြေခွင့် တားမြစ်ခံရ**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ

**သေနတ်ကျည်ထိမှန်ခဲ့သည့်အတွက် အရပ်သားတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**အမ်းမြို့နယ် လက်နက်ကြီးကျည်ကျမှု မိခင်သေဆုံး၊ သမီးဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ

**မြန်မာ့ သတင်းလွတ်လပ်ခွင့် အဆင့် တစ်ဆင့် ထပ်မံကျဆင်း**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဧရာဝတီ

**မြောက်ဦးတွင် လက်နက်ကြီးထိမှန်၍ သားအဖနှစ်ဦးဒဏ်ရာရ**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်၊ ဧရာဝတီ

**ရခိုင်ပဋိပက္ခ ပိုကြီးလာမည်ကို စိုးရိမ်၍ မီဒီယာတချို့ ကို အရေးယူဟု တပ်မတော် ပြောကြား**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ

**ဘူးသီးတောင်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး ကျည်ထိမှန်၊ ဝမ်းဗိုက်တွင်းမှ ကလေးငယ် သေဆုံး**

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ BNI/မြန်မာ

ရိုက်တာသတင်းထောက်နှစ်ဦး၏ အမှုအယူခံကို ပြည်ထောင်စု တရားလွှတ်တော်မှ ပယ်ချ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ

မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် အမျိုးသမီး တစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ BNI/မြန်မာ

AA ဖမ်းဆီးထားတဲ့ ခုမီးတိုင်းရင်းသား ၅၂ ဦးကို ပြန်လွှတ်ပေးရန် တောင်းဆို
၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ

## ► လယ်ယာမြေအငြင်းပွားမှုများ

တပ်သိမ်းမြေပြန်လည်ရရှိရေး လားရှိုးတောင်သူ နှစ်ရာခန့် ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ BNI

တပ်သိမ်းမြေ ပြန်လည် ရရှိရေး တောင်သူ ၅၀ ခန့်မှ ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ

သိမ်းဆည်း လယ်ယာမြေများပြန်လည်ရရှိရေး ကျောက်ဆည်တောင်သူများ ထွန်တုံးတိုက်ပွဲ ဆင်နွှဲ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၆ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ မြန်မာနောင်း

တပ်မတော်မှ ၄ားရမ်းထားသည့် မြေဧက ၈၀ ကျော် ပြန်လည်ရရှိရန် တောင်သူများ ဆန္ဒထုတ်ဖော်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

လယ်ယာမြေများကို မတရား သိမ်းယူ၍ အကွက်ချ ရောင်းချခဲ့ခြင်းအပေါ် ထိရောက်စွာ အရေးယူပေးရန် သတင်းစာရှင်းလင်းပွဲပြုလုပ်
၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်၊ အီလဲဗင်း/မြန်မာ

သိမ်းဆည်းခံမြေကိစ္စ ရှုန်းရင်းဆန်ခတ်ဖြစ်

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ဘိုးဘွားပိုင်တောင်ယာများကို ထွန်ယက်စိုက်ပျိုးခြင်းမပြုရန် လာရောက် တားမြစ်သော်လည်း စိုက်ပျိုးချိန်နီးသောကြောင့် စုပေါင်းထွန်ယက်ခြင်း ဆက်လက်ပြုလုပ်

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ

လားရှိုးမြို့တွင် ဂေါက်ကွင်းအတွက်သိမ်းဆည်းထားသည့်မြေများမှ လူထုအားဖြတ်သန်းခွင့်မပြုသဖြင့် လယ်ယာသွားရန် အခက်တွေ့နေ

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်၊ BNI/မြန်မာ

## ▶ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

တရားရေးဝန်ကြီးဌာနတည်ထောင်ရေး ရန်ကုန်တွင် ဆွေးနွေး

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်၊ မြန်မာနောင်း/မြန်မာ

အကျဉ်းထောင် သုံးခုနှင့် အချုပ်ထောင် တစ်ခုကို တိုးချဲ့ဆောက်လုပ်လျက်ရှိဟု ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပြောကြား

၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၀၃ ၈၈၄၀
အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁ (ထိုင်း)၊ + ၉၅(၀) ၉၄၂၈ ၀၂၃ ၈၂၈ (မြန်မာ)
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈